# အများပြည်သူအပ်နှံခဲ့သည့် ကားများကို ဝေစုခွဲပြီ

NEJ / ၂၇ အောက်တိုဘာ ၂၀၀၆ / ၁၈း၄၅

လိုင်စင်မဲ့ကားများကို ယခုလဆန်းမှစတင်ကာ နအဖတပ်ရင်းတပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့များနှင့် စစ်အရာရှိကြီးများကို ခွဲပေးပြီးနောက် ကျန်ကားများကို လေလံပစ်ရန် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ထံ အပ်နှံနေပြီဟု မော်လမြိုင်အခြေစိုက် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ အရာရှိတဦးက ပြောကြားသည်။

၎င်းက "ဥပမာ၊ ဟိုင်းလပ်လို တိုယိုတာတိုင်းဂါးဒဘယ်ကပ်လို ကားမျိုးကို တပ်ရင်းတပ်ဖွဲ့တွေကို ချပေးတယ်။ ပါဂျဲရိုး၊ မာ့ခ်တူးလိုမျိုး ကားတွေကိုတော့ လူကြီးတွေအတွက် ပို့ပေးရတယ်။ ကျန်တာတွေထဲက ကောင်းတဲ့ လက်ရွေးစင်ကားတွေကိုတော့ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်က လေလံဆွဲပြီး ယူသွားပြီ။ နောက်ဆုံး ကျန်တာတွေကိုမှ အများပြည်သူကို လေလံပစ်ဖို့ကြေညာလိမ့်မယ်" ဟု ပြောသည်။

လိုင်စင်မဲ့ကားမှာ (၂) မျိုးရှိပြီး ပထမတမျိုးမှာ လမ်းတွင်မောင်းနှင်နေစဉ် တပ်၊ ယာဉ်ထိန်းနှင့် ရဲများက ဖမ်းယူသိမ်းဆည်းသည့်ကားများဖြစ်ပြီး ဒုတိယတမျိုးမှာ ယမန်နှစ် မတ် (၃၀) ရက်နောက်ဆုံးထားပြီး သက်ဆိုင်ရာရဲဌာနအသီးသီးထံ အပ်နှံရန်ကြေညာသဖြင့် သွားရောက်အပ်ထားသည့် ဘုန်းတော်ကြီးကျောင်း၊ ဝန်ထမ်း၊ ကုန်သည်ပွဲစားနှင့် ပြည်သူများပိုင်ဆိုင်သည့် ကားများဖြစ်သည်ဟု ထိုအရာရှိက ရှင်းပြသည်။

ပထမကားအမျိုးအစားများကို တပ်၊ ရဲဌာနနှင့် တပ်မတော်အရာရှိကြီးများကို ခွဲဝေပေးပြီးသားဖြစ်ကာ ဒုတိယအမျိုးအစားကားများကို သက်ဆိုင်ရာ တပ်ရင်းတပ်ဖွဲ့အသီးသီး၌ ယခင်လအထိ သိမ်းဆည်းထားရာမှ ထိုကားများကို ပြုစုထားသည့်စာရင်းများအတိုင်း သက်ဆိုင်ရာ တပ်ရင်းတပ်ဖွဲ့၊ ရဲတပ်ဖွဲ့၊ နေပြည်တော်နှင့် တပ်မတော်အရာရှိကြီးများကို ခွဲတမ်းချ ဝေပေးနေခြင်းဖြစ်သည်။

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှ ဒု–ရဲအုပ်တဦးက ၎င်းတို့အတွက် သိမ်းဆည်းကား ဝေစု (၂) စီးရသည်ဟု ပြောကြားသည်။

ရန်ကုန်မြို့မှ ကုန်သည်ကြီးတဦးက ရန်ကုန်မြို့လမ်းများပေါ်တွင် 'စီးပွားရေးဦးပိုင်လီမိတက်၊ လေလံ၊ Lot နံပါတ်…' ဟု တံဆိပ်ကပ်ထားသည့် သိမ်းဆည်းကားများကို မြင်တွေ့ရကြောင်း အတည် ပြုပြောကြားသည်။

ယခုလေလံတင်ရောင်းချသည့် လိုင်စင်မဲ့ကားများသည် စစ်ထောက်လှမ်းရေးများ ခေတ်ကောင်းစဉ်ကာလ စစ်ထောက်လှမ်းရေးနှင့် အပစ်ရပ်အဖွဲ့အစည်းများ ပူးပေါင်းကာ နယ်စပ်များမှ တဆင့် တရားမဝင်တင်သွင်းလာသည့် ကားများဖြစ်ပြီး အရောင်းအဝယ် အဆင့်ဆင့်လုပ်ရင်း ဘုန်းတော်ကြီးများအပါအဝင် ကုန်သည်ပွဲစားများနှင့် ပြည်သူများလက်ထဲသို့ ရောက်လာခြင်းဖြစ်သည်။

ထိုကားများကို ၂၀၀၅ မတ်လ (၃၀) နောက်ဆုံးထား၍ အပ်နှံကြရန်နှင့် ရက်ကျော်ပါက ကားကိုသိမ်းရုံမက လူကိုပါအရေးယူမည်ဟု ရဲချုပ် ဗိုလ်ချုပ်ခင်ရီက ပြောကြားခဲ့သည်။

တနိုင်ငံလုံးမှ သိမ်းဆည်းထားသည့် လိုင်စင်မဲ့ကားစီးရေ (၁၅,၀၀၀) ကျော်ရှိကြောင်း နအဖ ပြန်ကြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ ■